# Chinland Constitution

# (2023)

## ချင်းပြည် (CHINLAND) ဖွဲ့စည်းပုံအခြေခံဥပဒေ

## (၂၀၂၃ ခုနှစ်)

ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ

# Chinland Constitution
# (2023)

# ချင်းပြည် (CHINLAND) ဖွဲ့စည်းပုံအခြေခံဥပဒေ
# (၂၀၂၃ ခုနှစ်)

## ပုံနှိပ်ခြင်း

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ (၃၀၀၀)

## ပုံနှိပ်

KL OFFSET PRINTERS

Tuikhuahtlang

Aizawl, Mizoram; Pin : 796001

**ပထမအကြိမ်ချင်းပြည် (Chinland) ကောင်စီညီလာခံ**

**ထုတ်ပြန်ကြေညာချက် (၁/၂၀၂၃)**

**၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်**

**ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုကြောင်း ကြေညာခြင်း**

၁။ ပထမအကြိမ် ချင်းပြည် (Chinland) ကောင်စီညီလာခံကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့မှ (၇) ရက်နေ့အထိ Victoria Base, Chinland တွင် အောင်မြင်စွာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ညီလာခံသို့ ချင်းအမျိုးသားတပ်ဦးမှ ကိုယ်စားလှယ်များ၊ ချင်းလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြို့နယ်နှင့် ဒေသအစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ ဧည့်သည်တော်များ၊ စုစုပေါင်း (၂၃၅) ဦး တက်ရောက်ခဲ့ပါသည်။

၂။ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေကို ချင်းပြည် (Chinland) ကောင်စီညီလာခံက ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့၊ နံနက် ၁၁:၃၃ နာရီတွင် အတည်ပြုခဲ့ပါသည်။

ချင်းပြည် (Chinland) ကောင်စီညီလာခံ

# မာတိကာ


| | | | |
|---|---|---|---|
| | နိဒါန်း | ---------------- | ၁ |
| အခန်း (၁) | ချင်းပြည် (Chinland) အခြေခံမူများ | ---------------- | ၂ |
| အခန်း (၂) | ချင်းပြည် (Chinland) ဖွဲ့စည်းတည်ဆောက်ပုံ | ---------------- | ၅ |
| အခန်း (၃) | ချင်းပြည် (Chinland) ကောင်စီ | ---------------- | ၆ |
| အခန်း (၄) | ဥပဒေပြုရေး | ---------------- | ၁၁ |
| အခန်း (၅) | အုပ်ချုပ်ရေး | ---------------- | ၁၄ |
| အခန်း (၆) | တရားစီရင်ရေး | ---------------- | ၁၈ |
| အခန်း (၇) | ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီ | ---------------- | ၂၀ |
| အခန်း (၈) | ဒေသန္တရအုပ်ချုပ်ရေး | ---------------- | ၂၁ |
| အခန်း (၉) | ရွေးကောက်တင်မြှောက်ခြင်း | ---------------- | ၂၂ |
| အခန်း (၁၀) | အထွေထွေပြဋ္ဌာန်းချက်များ | ---------------- | ၂၃ |

နောက်ဆက်တွဲ (၁) ချင်းပြည် (Chinland) ကောင်စီ၏
ရည်မှန်းချက်ပန်းတိုင်၊ မဟာဗျူဟာနှင့် နည်းဗျူဟာများ ---- ၂၆

နောက်ဆက်တွဲ (၂) ကတိသစ္စာပြုချက် ---------------- ၂၈

# နိဒါန်း

ချင်းပြည် (Chinland) သည် ချင်းမျိုးနွယ်စု အကြီးအကဲများက မိမိနယ်မြေအလိုက် မိမိတို့ ဓလေ့ထုံးတမ်းဥပဒေများဖြင့် အုပ်ချုပ်ခဲ့သည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် တိုင်းပြည်တစ်ခု ဖြစ်သည်။ ချင်းလူမျိုးတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေနှင့် ခိုင်မာသော သမိုင်းရှိသည့် လူမျိုးဖြစ်သည်။

၁၉ ရာစုတွင် ချင်းပြည် (Chinland) သည် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်သိမ်းပိုက်မှုကြောင့် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်။ ဗြိတိသျှထံမှ လွတ်လပ်ရေး အမြန် ရရှိရေးအတွက် ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှကိုလိုနီနယ်များဖြစ်ကြသည့် ချင်း၊ ကချင်၊ ရှမ်း၊ ဗမာတို့သည် ပြည်ထောင်စုနိုင်ငံသစ် အတူတကွတည်ဆောက်ရန် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသို့ ပေါင်းစည်းရာတွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်ထောင်များ၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရန်နှင့် ပြည်ထောင်စုနိုင်ငံတွင် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ကို ကျင့်သုံးရန် သဘောတူခဲ့ကြပါသည်။ သို့သော်လည်း လွတ်လပ်ရေးရပြီးနောက်တွင်မူ ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့မှ သွေဖည်ပြီး အုပ်ချုပ်သူအဆက်ဆက်က တစ်ပြည်ထောင်စနစ် နှင့် အာဏာရှင်စနစ်တို့ကို ဖော်ဆောင်ကျင့်သုံးခဲ့ကြသည်။

ထို့ကြောင့် ချင်းလူမျိုးတို့သည် တစ်ပြည်ထောင်စနစ်နှင့် အာဏာရှင်စနစ်တို့ကို ဖျက်သိမ်းပြီး ချင်းလူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးဖော်ဆောင်ရန်နှင့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရန်အတွက် တော်လှန်တိုက်ပွဲဝင်လျက် ရှိပါသည်။

ချင်းလူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့ကျင့်သုံးပြီး ချင်းပြည် (Chinland) တည်ဆောက်ရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေး ဖော်ဆောင်ရန်အတွက် ချင်းပြည် (Chinland) ကောင်စီ ညီလာခံက ဤတော်လှန်ရေးကာလ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၂၃) ကို ရေးဆွဲပြီး ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## ချင်းပြည် (Chinland) ကောင်စီ အခြေခံမူများ

၁။ ချင်းပြည် (Chinland) အတွင်းရှိ ပြည်သူလူထုသည် ချင်းပြည် (Chinland) အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင် ဖြစ်သည်။

၂။ တော်လှန်ရေးကာလ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေသည် ချင်းပြည် (Chinland) ၏ အမြင့်ဆုံးဥပဒေ ဖြစ်သည်။

၃။ ချင်းပြည် (Chinland) ကောင်စီကို ချင်းလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့၊ ချင်းအမျိုးသားတပ်ဦး အစုအဖွဲ့၊ မြို့နယ်နှင့် ဒေသအစုအဖွဲ့ဟူ၍ အစုအဖွဲ့ ၃ ခုဖြင့် ဖွဲ့စည်းသည်။

၄။ တော်လှန်ရေးကာလ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်တို့ကို ဖွဲ့စည်းထူထောင်သည်။

၅။ ချင်းပြည် (Chinland) တွင် ချင်းပြည် (Chinland) အစိုးရနှင့် ဒေသန္တရအစိုးရများ ဟူ၍ အလွှာနှစ်ရပ် ထားရှိသည်။

၆။ ချင်းပြည် (Chinland)၏ အချုပ်အခြာအာဏာနှင့် ချင်းလူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ ချင်းပြည် (Chinland) တည်ဆောက်ရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေးကို ဖော်ဆောင်ရမည်။

၇။ ချင်းပြည် (Chinland) တည်ဆောက်ရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေးကို "ချင်း" ဟူသည့် အမျိုးသားစုစည်းမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည်။

၈။ ချင်းအမျိုးသားတော်လှန်ရေး ဆင်နွှဲရာတွင် ပြည်သူ့တော်လှန်ရေး လမ်းစဉ်နှင့် လက်နက်ကိုင်တော်လှန်ရေး လမ်းစဉ်တို့ကို ကျင့်သုံးသည်။

၉။ ချင်းအမျိုးသားတပ်မတော်သည် ချင်းပြည် (Chinland) ၏ တစ်ခုတည်းသော အမျိုးသားတပ်မတော် ဖြစ်သည်။

၁၀။ ချင်းအမျိုးသားတပ်မတော်နှင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့များသည် ချင်းပြည် (Chinland) အစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီးဌာန၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှု အောက်တွင် ရှိသည်။

၁၁။ ချင်းလူမျိုးတို့သည် ချင်းပြည် (Chinland) ၏ ဌာနေလူမျိုး မူရင်းပိုင်ရှင် ဖြစ်သည်။ ချင်းလူမျိုးတို့သည် ချင်းပြည် (Chinland) ရှိ မြေနှင့် သဘာဝသယံဇာတ အရင်းအမြစ်များအားလုံး၏ မူရင်းပိုင်ရှင် ဖြစ်သည်။

၁၂။ ချင်းပြည်(Chinland) တွင် မြေကို ဌာနေလူမျိုးများကသာ ပိုင်ဆိုင်ခွင့် ရှိသည်။

၁၃။ ချင်းပြည် (Chinland) သည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်။

၁၄။ ချင်းပြည် (Chinland) သည် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည်။

၁၅။ ချင်းပြည် (Chinland) သည် ဘာသာရေးကို အခြေမခံသော နိုင်ငံရေးစနစ် (Secular State) ကို ကျင့်သုံးသည်။

၁၆။ ချင်းပြည် (Chinland) ပြည်သူများသည် နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ တန်းတူ ရရှိရမည်။ ထို့အပြင် လူနည်းစုအခွင့်အရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများကို ကာကွယ်ပေးရမည်။

၁၇။ ချင်းပြည် (Chinland) ကောင်စီနှင့် ချင်းပြည် (Chinland) အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် အမျိုးသမီးပါဝင်မှုကို မြှင့်တင်ရမည်။

၁၈။ ချင်းပြည် (Chinland) ကောင်စီနှင့် ချင်းပြည် (Chinland) အစိုးရအဖွဲ့ တာဝန်ပေးအပ်ရာတွင် ချင်းတစ်မျိုးသားလုံး၏ ညီညွတ်ရေးကို ဦးတည်လျက် ပုဒ်မ ၂၅ ပါ အစုအဖွဲ့များကို အခြေခံ၍ ဖွဲ့စည်းရမည်။

၁၉။ ချင်းပြည် (Chinland) သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာ ၃ ရပ်ကို ပိုင်းခြား ကျင့်သုံးသည်။

၂၀။ ချင်းပြည် (Chinland) ၏ အချုပ်အခြာအာဏာ၊ အမျိုးသားအကျိုးစီးပွားနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ဒီမိုကရေစီစနစ်နှင့်အညီ အရပ်သား အုပ်ချုပ်ကွပ်ကဲမှုအောက်တွင် ခိုင်မာအားကောင်းသည့် တစ်ခုတည်းသော တပ်မတော်ဖွဲ့စည်းနိုင်ရန် မူဝါဒ ချမှတ်ဆောင်ရွက်ရမည်။

၂၁။ ချင်းအမျိုးသားတပ်မတော်နှင့် ဒေသန္တရ ကာကွယ်ရေးတပ်ဖွဲ့များသည် ချင်းအမျိုးသားပိုင်နက်နယ်မြေနှင့် ချင်းအမျိုးသားတစ်ရပ်လုံးကို ကာကွယ်စောင့်ရှောက်ရမည်။

## အခန်း (၂)

## ချင်းပြည် (Chinland) ဖွဲ့စည်းတည်ဆောက်ပုံ

၂၂။ ချင်းပြည် (Chinland) ကို အောက်ပါအတိုင်း ဖွဲ့စည်းတည်ဆောက်သည် -

(က) မြို့နယ်နှင့် ဒေသများ၊

(ခ ) မြို့၊ တိုက်နယ်၊ အုပ်စု၊ ရေိယာများ၊

(ဂ ) ရပ်ကွက်နှင့် ကျေးရွာများ။

၂၃။ မြို့နယ်များနှင့် ဒေသများကို စုစည်း၍ ချင်းပြည် (Chinland) အဖြစ် သော်လည်းကောင်း၊ မြို့ သို့မဟုတ် တိုက်နယ် သို့မဟုတ် ရေိယာ သို့မဟုတ် ကျေးရွာများကို စုစည်း၍ မြို့နယ် သို့မဟုတ် ဒေသများအဖြစ် သော်လည်းကောင်း၊ ရပ်ကွက်များ သို့မဟုတ် ကျေးရွာများကို စုစည်း၍ မြို့ သို့မဟုတ် တိုက်နယ် သို့မဟုတ် အုပ်စု သို့မဟုတ် ရေိယာများအဖြစ် သော်လည်းကောင်း အသီးသီး စုစည်းသည်။

၂၄။ မြို့နယ် သို့မဟုတ် ဒေသ ဖွဲ့စည်းမှုကို ပြင်ဆင်ရန် သို့မဟုတ် အသစ်ဖွဲ့စည်းရန် လိုအပ်ပါက ချင်းပြည် (Chinland) ကောင်စီက သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ဒေသများနှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

## အခန်း(၃)

## ချင်းပြည် (Chinland) ကောင်စီ

၂၅။ ချင်းပြည် (Chinland) ကောင်စီကို အောက်ပါအစုအဖွဲ့ ၃ ခုဖြင့် ဖွဲ့စည်းသည် -

(က) ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး စစ်အာဏာရှင်တော်လှန်ရေးတွင် ပူးပေါင်းဆောင်ရွက်နေသော ချင်းလွှတ်တော်ကိုယ်စားလှယ်များ၊

(ခ ) ချင်းအမျိုးသားတပ်ဦး (CNF)၊

(ဂ ) မြို့နယ်နှင့်ဒေသအဖွဲ့ ကိုယ်စားလှယ်များ။

၂၆။ ချင်းပြည် (Chinland) ကောင်စီကို ကိုယ်စားလှယ် ၁၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းသည် -

(က) ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး စစ်အာဏာရှင်တော်လှန်ရေးတွင် ပူးပေါင်းဆောင်ရွက်နေသော ချင်းလွှတ်တော်ကိုယ်စားလှယ် ၂၇ ဦး၊

(ခ ) ချင်းအမျိုးသားတပ်ဦး (CNF) ကိုယ်စားလှယ် ၂၇ ဦး၊

(ဂ ) မြို့နယ်နှင့်ဒေသအဖွဲ့ ကိုယ်စားလှယ် ၈၆ ဦး။

၂၇။ ချင်းပြည် (Chinland) ကောင်စီ ဦးဆောင်အဖွဲ့ကို ချင်းအမျိုးသားတပ်ဦး ကိုယ်စားလှယ် ၃ ဦး၊ ချင်းလွှတ်တော်ကိုယ်စားလှယ် ၃ ဦး၊ မြို့နယ်နှင့်ဒေသအဖွဲ့ကိုယ်စားလှယ် ၁၇ ဦး၊ စုစုပေါင်း ၂၃ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းသည် -

(က) ဥက္ကဋ္ဌ

(ခ ) ဒုတိယဥက္ကဋ္ဌ (၁)၊

(ဂ ) ဒုတိယဥက္ကဋ္ဌ (၂)၊

(ဃ) အတွင်းရေးမှူး၊

(င ) တွဲဖက်အတွင်းရေးမှူး (၁)၊

(စ ) တွဲဖက်အတွင်းရေးမှူး (၂)၊

(ဆ) အဖွဲ့ဝင်များ။

၂၈။ ချင်းပြည် (Chinland) ကောင်စီ အကြီးအကဲများဖြစ်သော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ဒုတိယဥက္ကဋ္ဌ (၂)၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး (၁)၊ တွဲဖက်အတွင်းရေးမှူး (၂) တို့သည် မူလတာဝန်တွင် သက်တမ်း ၂ ကြိမ်ထက်ပို၍ တဆက်တစပ်တည်း တာဝန်ထမ်းဆောင်ခွင့် မရှိစေရ။

၂၉။ ချင်းပြည် (Chinland) ကောင်စီ ဦးဆောင်အဖွဲ့ဝင်များသည် အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့ (NUG)၊ ချင်းပြည် (Chinland) လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ချင်းပြည် (Chinland) အစိုးရအဖွဲ့နှင့် ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ် နေရာများတွင် တာဝန်ထမ်းဆောင်ခွင့် မရှိစေရ။

၃၀။ ချင်းပြည် (Chinland) ကောင်စီ ဦးဆောင်အဖွဲ့သည် ဆုံးဖြတ်ချက် ချမှတ်ရာတွင် လုံလောက်သော သဘောတူညီမှု (Sufficient Consensus) ဖြင့် ဆုံးဖြတ်ချက် ချမှတ်ရမည်။

၃၁။ ချင်းပြည် (Chinland) ကောင်စီညီလာခံကို ၂ နှစ်တစ်ကြိမ် ခေါ်ယူ ကျင်းပရမည်။ ချင်းပြည် (Chinland) ကောင်စီဝင်များ၏ သက်တမ်းသည် ၂ နှစ် ဖြစ်သည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်

၃၂။ ချင်းပြည် (Chinland) ကောင်စီသည် -

(က) ချင်းပြည် (Chinland) ကောင်စီ ဖွဲ့စည်းအတည်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ချင်းပြည်(Chinland) လွှတ်တော်၊ ချင်းပြည် (Chinland) အစိုးရအဖွဲ့နှင့် ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်တို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပေးရမည်၊

(ခ) ချင်းပြည် (Chinland) ကောင်စီရုံးကို ဖွင့်လှစ်ထူထောင်၍ ကောင်စီလုပ်ငန်းများ ဆောင်ရွက်ရမည်၊

(ဂ) ချင်းပြည် (Chinland) တည်ဆောက်ရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေးအတွက် မဟာဗျူဟာနှင့် မူဝါဒများ ချမှတ်ပေးရမည်၊

(ဃ) ချင်းပြည် (Chinland) လွှတ်တော်၊ ချင်းပြည် (Chinland) အစိုးရအဖွဲ့နှင့် ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်တို့ကို ဦးဆောင်လမ်းညွှန်ရမည်၊

(င ) ချင်းပြည် (Chinland) ကောင်စီသည် ဝန်ကြီးဌာနများကို တိုးချဲ့ခြင်း သို့မဟုတ် လျှော့ချခြင်း ပြုလုပ်နိုင်သည်၊

(စ ) ချင်းပြည်(Chinland) အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ တရားသူကြီးချုပ်နှင့် တရားသူကြီးများ ရွေးချယ်တင်မြှောက်ရန်အတွက် ရွေးချယ်တင်မြှောက်ရေးကော်မတီကို ဖွဲ့စည်းပေးရမည်၊

(ဆ) ချင်းပြည် (Chinland) အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်တို့ကို ချင်းပြည် (Chinland) ကောင်စီက ရွေးချယ်ခန့်အပ်ရမည်၊

(ဇ) ချင်းပြည် (Chinland) အစိုးရအဖွဲ့၏ ဝန်ကြီးဌာနဝန်ကြီးများ ခန့်အပ်ရာတွင် ပုဒ်မ ၂၅ ပါ အစုအဖွဲ့အသီးသီးမှ အမည်စာရင်းတင်သွင်းလာသည့် ပုဂ္ဂိုလ်များကို သင့်တင့်မျှတစွာ ခန့်အပ် တာဝန်ပေးရမည်၊

(ဈ) ချင်းပြည် (Chinland) တရားသူကြီးချုပ်နှင့် တရားသူကြီးများကို ပုဒ်မ ၇၄ နှင့်အညီ ရွေးချယ်ခန့်ထားရမည်၊

(ည) အသွင်ကူးပြောင်းရေးကာလအစီအမံများကို ရေးဆွဲချမှတ်အကောင်အထည်ဖော်ရမည်၊

(ဋ) ချင်းပြည် (Chinland) အတွင်းရှိ ချင်းအမျိုးသားတပ်မတော်နှင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့များကို ခိုင်မာအားကောင်းသည့် တစ်ခုတည်းသောတပ်မတော်အဖြစ် ဖွဲ့စည်းနိုင်ရန် မူဝါဒ ချမှတ်ဆောင်ရွက်ရမည်၊

(ဌ) ချင်းပြည်(Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ (Permanent Constitution) ရေးဆွဲနိုင်ရေးအတွက် မူဝါဒ ချမှတ်ပြီး ညီလာခံ ခေါ်ယူ ကျင်းပပေးရမည်၊

(ဍ) ညီလာခံမှ ရေးဆွဲသော ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ (Permanent Constitution) ကို အတည်ပြုနိုင်ရန် လူထုဆန္ဒခံယူပွဲ ကျင်းပပေးရမည်၊

(ဎ) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)၊အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG)၊ ဖက်ဒရယ်ယူနစ်များ၊ အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်သည်၊

(ဏ) ချင်းပြည် (Chinland) အတွင်းရှိ CDM ဝန်ထမ်းများအတွက် မူဝါဒများ ရေးဆွဲပေးရမည်၊

(တ) စစ်အာဏာရှင်တော်လှန်ရေးတွင် စွန့်လွှတ်စွန့်စားပေးဆပ်ခဲ့သူများနှင့် နစ်နာဆုံးရှုံးခဲ့သူများအတွက် မူဝါဒ ချမှတ်၍ အထူးအစီအမံများ ပြုလုပ်ပေးရမည်၊
(ထ) ဒေသန္တရအစိုးရများမှ ပြဋ္ဌာန်းခဲ့သောဥပဒေများနှင့် ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေများကို ချင်းပြည် (Chinland) ကောင်စီက မူဝါဒ ချမှတ်ပေးရမည်။

၃၃။ ချင်းပြည် (Chinland) လွှတ်တော်၊ ချင်းပြည် (Chinland) အစိုးရအဖွဲ့၊ ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို တောင်းခံရမည်။

၃၄။ ချင်းပြည် (Chinland) ကောင်စီအစည်းအဝေးများ၌ ဆုံးဖြတ်ချက် ချမှတ်ရာတွင် အစည်းအဝေးတက်ရောက်သူများ၏ လုံလောက်သော သဘောတူညီမှု (Sufficient Consensus) ဖြင့် ဆုံးဖြတ်ချက် ချမှတ်ရမည်။

၃၅။ ချင်းပြည် (Chinland) ကောင်စီ၏ သက်တမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (Permanent Constitution) အရ တရားဝင်ရွေးကောက်ပွဲ ပြုလုပ်ပြီး အစိုးရတစ်ရပ် ပေါ်ပေါက်သည့်အချိန်အထိ ဖြစ်သည်။

## ချင်းပြည် (Chinland) ကောင်စီ အကြီးအကဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၆။ ချင်းပြည် (Chinland) ကောင်စီ ဥက္ကဋ္ဌသည် -
(က) ချင်းပြည် (Chinland) ကောင်စီ အစည်းအဝေးကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခေါ်ယူရမည်၊
(ခ ) ချင်းပြည် (Chinland) ကောင်စီ အစည်းအဝေးများကို ဦးဆောင်ရမည်၊
(ဂ) ချင်းပြည် (Chinland) ကောင်စီနှင့် ချင်းပြည်(Chinland) ကောင်စီ ဦးဆောင်အဖွဲ့ကို လမ်းညွှန်ကြီးကြပ်ရမည်။

၃၇။ ချင်းပြည် (Chinland) ကောင်စီ ဥက္ကဋ္ဌက တာဝန်လွှဲအပ်လာလျှင် ဒုတိယဥက္ကဋ္ဌ (၁) နှင့် ဒုတိယဥက္ကဋ္ဌ (၂) တို့သည် ဥက္ကဋ္ဌတာဝန်ကို ယာယီ ထမ်းဆောင်နိုင်သည်။

၃၈။ ချင်းပြည် (Chinland) ကောင်စီ ဥက္ကဋ္ဌသည် မိမိတာဝန်ကို ဆက်လက် ထမ်းဆောင်နိုင်ခြင်းမရှိလျှင် ဒုတိယဥက္ကဋ္ဌ (၁) က ဥက္ကဋ္ဌတာဝန်ကို ယာယီ ထမ်းဆောင်နိုင်သည်။

၃၉။ ချင်းပြည် (Chinland) ကောင်စီ အတွင်းရေးမှူးသည် -

(က) အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်၊

(ခ ) ချင်းပြည် (Chinland) ကောင်စီမှ ချမှတ်သော မူဝါဒများနှင့် လုပ်ငန်းများ ကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ရမည်၊

(ဂ ) ချင်းပြည် (Chinland) ကောင်စီ ပိုင်ဆိုင်မှုများနှင့် လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းများကို ပြုစုထိန်းသိမ်းရမည်။

၄၀။ ချင်းပြည် (Chinland) ကောင်စီ အတွင်းရေးမှူးက တာဝန်လွှဲအပ်လာလျှင် တွဲဖက်အတွင်းရေးမှူး (၁) နှင့် တွဲဖက်အတွင်းရေးမှူး (၂) တို့သည် အတွင်းရေးမှူးတာဝန်ကို ယာယီ ထမ်းဆောင်နိုင်သည်။

၄၁။ ချင်းပြည်(Chinland)ကောင်စီအတွင်းရေးမှူးသည် မိမိတာဝန်ကို ဆက်လက် ထမ်းဆောင်နိုင်ခြင်းမရှိလျှင် တွဲဖက်အတွင်းရေးမှူး (၁) က အတွင်းရေးမှူးတာဝန်ကို ယာယီ ထမ်းဆောင်နိုင်သည်။

## အခန်း (၄)

## ဥပဒေပြုရေး

၄၂။ ချင်းပြည် (Chinland) ကောင်စီသည် ချင်းပြည် (Chinland) ဥပဒေပြုရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချင်းပြည် (Chinland) လွှတ်တော်ကို ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး စစ်အာဏာရှင်တော်လှန်ရေးတွင် ပူးပေါင်းဆောင်ရွက်နေသော ချင်းလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းသည်။

၄၃။ ချင်းပြည် (Chinland) လွှတ်တော်သည် ချင်းပြည် (Chinland) ၏ တော်လှန်ရေးကာလအတွင်း လိုအပ်သော ဥပဒေများကို ချင်းပြည် (Chinland) ကောင်စီ၏ မူဝါဒနှင့်အညီ ရေးဆွဲ ပြဋ္ဌာန်းပေးရမည်။

၄၄။ ချင်းပြည် (Chinland) လွှတ်တော်သည် တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်နိုင်သည်။

၄၅။ ချင်းပြည်(Chinland) လွှတ်တော်သည် ဘဏ္ဍာရေးကော်မရှင်အတွက် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲ ပြဋ္ဌာန်းပေးရမည်။

၄၆။ ချင်းပြည် (Chinland) လွှတ်တော်သည် လိုအပ်သော ကော်မတီများ၊ ကော်မရှင်များကို ဖွဲ့စည်းနိုင်သည်။

၄၇။ ချင်းပြည် (Chinland) လွှတ်တော်သည် ကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းရာတွင် ပုဒ်မ ၂၅ ပါ အစုအဖွဲ့များအပြင် ဥပဒေပညာရှင်များ၊ တတ်သိပညာရှင်များဖြင့် ဖွဲ့စည်းပေးရမည်။

၄၈။ ချင်းပြည် (Chinland) လွှတ်တော်က ပေးပို့သော ဥပဒေကြမ်းများကို ချင်းပြည် (Chinland) အစိုးရအဖွဲ့ ဝန်ကြီးချုပ်သည် လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ပေးရမည်။

၄၉။ ချင်းပြည် (Chinland) လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၏ သက်တမ်းသည် ၂ နှစ် ဖြစ်သည်။

၅၀။ ချင်းပြည် (Chinland) လွှတ်တော်သည် ချင်းပြည် (Chinland) ကောင်စီကို တာဝန်ခံရမည်။

## သဘာပတိ တင်မြှောက်ခြင်း

၅၁။ ချင်းပြည် (Chinland) လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှ သဘာပတိတစ်ဦးကို ရွေးချယ်တင်မြှောက်ရမည်။

၅၂။ သဘာပတိသည် ချင်းပြည် (Chinland) လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်နိုင်ရန် ဦးဆောင် ကြီးကြပ်ပေးရမည်။

## လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

၅၃။ ချင်းပြည် (Chinland) လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ပုဒ်မ ၄၂ ပါ ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ပေးရမည်။

၅၄။ ချင်းပြည်(Chinland) လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် လွှတ်တော်အစည်းအဝေးကို စောလျင်စွာ ခေါ်ယူကျင်းပပြီး အစားထိုး ရွေးကောက်တင်မြှောက်ပေးရမည်။

## လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ လုပ်ငန်းတာဝန်

၅၅။ ချင်းပြည် (Chinland) လွှတ်တော် ဥက္ကဋ္ဌသည် -

(က) လွှတ်တော်အစည်းအဝေးကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ခေါ်ယူရမည်၊

(ခ ) လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်၊

(ဂ ) ချင်းပြည်(Chinland) ကောင်စီ ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့က ချင်းပြည် (Chinland) လွှတ်တော်သို့ မိန့်ခွန်းပြောကြားလိုကြောင်း သဝဏ်လွှာပေးပို့လာလျှင် လွှတ်တော်အစည်းအဝေးသို့ ဖိတ်ခေါ်ပေးရမည်။

၅၆။ ချင်းပြည် (Chinland) လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် လွှတ်တော်ဥက္ကဋ္ဌက တာဝန်လွှဲအပ်လာလျှင် လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

၅၇။ ချင်းပြည် (Chinland) လွှတ်တော်ဥက္ကဋ္ဌသည် ကျန်းမာရေးကြောင့် သော်လည်းကောင်း၊ အခြားအကြောင်းကြောင့် သော်လည်းကောင်း ဆက်လက် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိလျှင် ချင်းပြည်(Chinland) လွှတ်တော်ဒုတိယဥက္ကဋ္ဌက ချင်းပြည် (Chinland) လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ကို ယာယီ ထမ်းဆောင်ရမည်။

## အခန်း (၅)

## အုပ်ချုပ်ရေး

၅၈။ ချင်းပြည် (Chinland) ကောင်စီသည် ချင်းပြည် (Chinland) အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချင်းပြည် (Chinland) အစိုးရအဖွဲ့ကို ပုဒ်မ ၂၅ ပါ အစုအဖွဲ့များအား အခြေခံ၍ အောက်ပါအတိုင်း ဖွဲ့စည်းသည် -

(က) ဝန်ကြီးချုပ်၊

(ခ ) ဝန်ကြီးများ၊

(ဂ ) ရှေ့နေချုပ်။

၅၉။ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG) နှင့် ချင်းပြည် (Chinland) ကောင်စီဦးဆောင်အဖွဲ့တွင် တာဝန်ထမ်းဆောင်သူများသည် ချင်းပြည် (Chinland) အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခွင့် မရှိစေရ။

၆၀။ ချင်းပြည် (Chinland) ကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်တာဝန် နှစ်ရပ်ကို ပုဒ်မ ၂၅ ပါ အစုအဖွဲ့တစ်ခုတည်းမှ ထမ်းဆောင်ခွင့် မရှိစေရ။

၆၁။ ချင်းပြည် (Chinland) အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကို ချင်းပြည် (Chinland) ကောင်စီက ရွေးချယ် ခန့်အပ်ပေးရမည်။

၆၂။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅ ပါ အစုအဖွဲ့အသီးသီးသည် မိမိတို့အစုအဖွဲ့ကိုယ်စားပြုလျာထားသော ချင်းပြည် (Chinland) အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ရှေ့နေချုပ်တို့၏ အမည်စာရင်းကို ရွေးချယ်တင်မြှောက်ရေးကော်မတီထံ အမည်စာရင်း တင်သွင်းရမည်။

၆၃။ ချင်းပြည် (Chinland) အစိုးရအဖွဲ့၏ ဝန်ကြီးဌာနဝန်ကြီးများ ခန့်ထားရာတွင် ပုဒ်မ ၂၅ ပါ အစုအဖွဲ့အသီးသီးမှ အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်များကို သင့်တင့်မျှတစွာ ခန့်အပ် တာဝန်ပေးရမည်။

၆၄။ ချင်းပြည် (Chinland) အစိုးရအဖွဲ့သည် ချင်းပြည် (Chinland) ကောင်စီကို တာဝန်ခံရမည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်

၆၅။ ချင်းပြည် (Chinland) အစိုးရအဖွဲ့သည် -

(က) ချင်းပြည် (Chinland) အတွင်း အုပ်ချုပ်ရေးယန္တရား အပြည့်အဝ လည်ပတ်နိုင်စေရန် ဖော်ဆောင်ရမည်၊

(ခ ) အာဏာရှင်တော်လှန်ရေး အားကောင်းစေရန် စစ်လက်နက်ရရှိရေးနှင့်ကာကွယ်ရေးတပ်ဖွဲ့များအတွက် မဟာဗျူဟာများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်၊

(ဂ ) လိုအပ်သော ဘဏ္ဍာရန်ပုံငွေများကို ရှာဖွေပေးရမည်၊

(ဃ) CDM ဝန်ထမ်းများကို ထောက်ပံ့ကူညီပေးနိုင်ရန် စီမံဆောင်ရွက်ရမည်၊

(င ) ချင်းပြည် (Chinland) ၏ အုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်ရန် ဌာနဆိုင်ရာ CDM ဝန်ထမ်းများကို သက်ဆိုင်ရာ ဌာနအလိုက် ပြန်လည်နေရာချထားနိုင်ရေး စီမံဆောင်ရွက်ရမည်။

၆၆။ ချင်းပြည် (Chinland) အစိုးရအဖွဲ့၏ သက်တမ်းသည် ၂ နှစ် ဖြစ်သည်။

## ဘဏ္ဍာရေးကော်မရှင်

၆၇။ ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းသည် -

| | | |
|---|---|---|
| (က) | ချင်းပြည် (Chinland) ကောင်စီဥက္ကဋ္ဌ | - နာယက |
| (ခ ) | ဝန်ကြီးချုပ် | - ဥက္ကဋ္ဌ |
| (ဂ ) | ကာကွယ်ရေးဝန်ကြီး | - အဖွဲ့ဝင် |
| (ဃ) | ပြည်ထဲရေးဝန်ကြီး | - အဖွဲ့ဝင် |
| (င ) | ဒေသန္တရအစိုးရအဖွဲ့ အကြီးအကဲများ | - အဖွဲ့ဝင် |
| (စ ) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး | - အတွင်းရေးမှူး |

၆၈။ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) ချင်းပြည်(Chinland) အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းများနှင့် ချင်းပြည် (Chinland) အဆင့် အဖွဲ့အစည်းများ၏ ရသုံးမှန်းခြေငွေစာရင်းများကို ချင်းပြည်

(Chinland) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှတဆင့် ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်၊

(ခ ) ဘဏ္ဍာရေးကော်မရှင်သည် ချင်းပြည် (Chinland) လွှတ်တော်မှ ပြဋ္ဌာန်းသော ဘဏ္ဍာရေးဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်ရမည်၊

(ဂ ) ချင်းပြည် (Chinland) အစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်မှ တင်ပြလာသော ရသုံးမှန်းခြေ ငွေစာရင်းများကို ချင်းပြည် (Chinland) ကောင်စီထံ အတည်ပြုချက် ရယူရမည်၊

(ဃ) ချင်းပြည် (Chinland) အစိုးရအဖွဲ့နှင့် ဒေသန္တရအစိုးရအဖွဲ့တို့မှ တင်ပြလာသော ဘဏ္ဍာရေး လိုအပ်ချက်များကို ဘဏ္ဍာရေးကော်မရှင်မှ စိစစ်လက်ခံရမည်၊

(င ) ဘဏ္ဍာရေးကော်မရှင်သည် လိုအပ်ပါက ဘဏ္ဍာရေးရာ ကျွမ်းကျင်သူများ၏ အကြံဉာဏ် ရယူနိုင်သည်။

## ရှေ့နေချုပ်

၆၉။ ချင်းပြည် (Chinland) ရှေ့နေချုပ်သည် အသက် ၃၀ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

၇၀။ ချင်းပြည် (Chinland) ရှေ့နေချုပ်၏ အရည်အချင်းမှာ -

(က) မြို့နယ်အဆင့် တရားသူကြီး သို့မဟုတ် ဥပဒေအရာရှိ တာဝန်ထမ်းဆောင်ခဲ့ ဖူးသူ သို့မဟုတ်၊

(ခ ) ရှေ့နေသက်တမ်း ၅ နှစ် ရှိခဲ့ဖူးသူ သို့မဟုတ်၊

(ဂ ) တရားစီရင်ရေးနှင့် ဥပဒေပညာရပ်တွင် ကျွမ်းကျင်သူအဖြစ် ကောင်စီက ယူဆသူ သို့မဟုတ်၊

(ဃ) ဥပဒေဘွဲ့ ရရှိသူ။

## တာဝန်နှင့် လုပ်ပိုင်ခွင့်

၇၁။ ချင်းပြည် (Chinland) ရှေ့နေချုပ်သည် -

(က) ချင်းပြည်(Chinland) အစိုးရအဖွဲ့၏ ဆောင်ရွက်သောလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှု ရှိ၊မရှိ စိစစ်ရမည်၊

(ခ ) ချင်းပြည် (Chinland) လွှတ်တော်က ပြဋ္ဌာန်းမည့် ဥပဒေများကို ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊မရှိ စိစစ်အကြံပြုရမည်၊

(ဂ ) ချင်းပြည် (Chinland) အစိုးရအဖွဲ့ကို ဥပဒေနှင့်အညီ အကြံပြုရမည်၊

(ဃ) တရားစွဲဆိုခြင်းမပြုမီ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊မရှိ စိစစ်ပြီး ချင်းပြည် (Chinland) ပြည်သူ့ရဲတပ်ဖွဲ့ကို အကြံပြုရမည်။

**စာရင်းစစ်ချုပ်**

၇၂။ ချင်းပြည် (Chinland) စာရင်းစစ်ချုပ်၏ အရည်အချင်းမှာ -

(က) အသက် (၃၀) နှစ် ပြည့်ပြီးသူ ဖြစ်ရမည်၊

(ခ ) စာရင်းစစ်ပညာဘွဲ့ရရှိသူ သို့မဟုတ် စာရင်းစစ်ပညာနှင့် လုပ်ငန်းအတွေ့အကြုံ ရှိဖူးသူ။

၇၃။ ချင်းပြည် (Chinland) ကောင်စီ၊ ချင်းပြည် (Chinland) အစိုးရအဖွဲ့၊ ချင်းပြည် (Chinland) လွှတ်တော်နှင့် ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုများကိုလည်းကောင်း ဥပဒေ၊ ဘဏ္ဍာရေး စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်း ရှိ၊မရှိ စစ်ဆေး၍ ချင်းပြည် (Chinland) အစိုးရအဖွဲ့သို့ အစီရင်ခံရမည်။

## အခန်း (၆)

## တရားစီရင်ရေး

၇၄။ ချင်းပြည် (Chinland) ကောင်စီသည် ချင်းပြည် (Chinland) တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် ချင်းပြည် (Chinland) တရားရုံးများကို အောက်ပါ အတိုင်း ဖွဲ့စည်းသည် -

(က) ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်၊

(ခ ) မြို့နယ်နှင့်ဒေသ တရားရုံးများ၊

(ဂ ) အခြားတရားရုံးများ။

၇၅။ ချင်းပြည် (Chinland) ၏ တရားလွှတ်တော်ချုပ်ကို အောက်ပါအတိုင်း ဖွဲ့စည်းသည်

(က) တရားသူကြီးချုပ်၊

(ခ ) တရားသူကြီးများ။

၇၆။ ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်ကို ချင်းပြည် (Chinland) တရားသူကြီးချုပ် အပါအဝင် အနည်းဆုံး ၃ ဦးမှ အများဆုံး ၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၇၇။ ချင်းပြည် (Chinland) တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် အသက် ၃၀ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

၇၈။ ချင်းပြည် (Chinland) တရားသူကြီးချုပ်နှင့် တရားသူကြီးများ၏ အရည်အချင်းမှာ -

(က) မြို့နယ်အဆင့် တရားသူကြီး သို့မဟုတ် ဥပဒေအရာရှိတာဝန် ထမ်းဆောင်ခဲ့ဖူးသူ သို့မဟုတ်၊

(ခ ) ရှေ့နေသက်တမ်း ၅ နှစ် ရှိခဲ့ဖူးသူ သို့မဟုတ်၊

(ဂ ) တရားစီရင်ရေးနှင့်ဥပဒေပညာရပ်တွင် ကျွမ်းကျင်သူအဖြစ် ချင်းပြည်(Chinland) ကောင်စီက ယူဆသူ။

၇၉။ ချင်းပြည် (Chinland) အတွင်းရှိ ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်၊ စည်းကမ်းများနှင့် ဥပဒေများကို ချိုးဖောက်လျှင် သက်ဆိုင်ရာ ကာကွယ်ရေးတပ်ဖွဲ့က စစ်ခုံရုံးဖွဲ့၍ စီရင်ရမည်။

၈၀။ ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးဦးသည် ပြစ်မှုဆိုင်ရာဥပဒေနှင့် တရားမမှုဆိုင်ရာ ဥပဒေကို ကျူးလွန်ပါက အရပ်ဘက်တရားရုံးတွင် တရားစီရင်ရမည်။

၈၁။ ချင်းတောင်တန်းအက်ဥပဒေ (1896 Chin Hills Regulation)၊ ချင်းဝိသေသတိုင်း အက်ဥပဒေ (1948 Chin Special Division Act) နှင့် ချင်းပြည် (Chinland) ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ချင်းပြည် (Chinland) တရားစီရင်ရေးအာဏာကို ကျင့်သုံးသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိသော ဒေသအလိုက် ကျင့်သုံးသည့် ချင်းရိုးရာဓလေ့ထုံးတမ်းများ၊ တည်ဆဲဥပဒေများကိုလည်း ကျင့်သုံးနိုင်သည်။

၈၂။ ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်နှင့် ဒေသန္တရတရားရုံးများ၏ တရားသူ ကြီးများအား တင်ကူးကြံရွယ်ချက်ကြောင့် သော်လည်းကောင်း၊ အဂတိကြောင့် သော်လည်းကောင်း၊ ဥပဒေ ချိုးဖောက်ခြင်းမှတပါး ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ၎င်းတို့၏ တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး အရေးယူ တရား စွဲဆိုခံရခြင်းမှ ကင်းလွတ်စေရမည်။

၈၃။ ချင်းပြည် (Chinland) တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် ချင်းပြည် (Chinland) ကောင်စီကို တာဝန်ခံရမည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်

၈၄။ ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အောက်ပါ အတိုင်း သတ်မှတ်သည် -

(က) ချင်းပြည် (Chinland) တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရမည်၊

(ခ) ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်သည် ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဥပဒေသက်ရောက်မှု အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုခွင့် ရှိသည်၊

(ဂ) ချင်းပြည်(Chinland) တရားသူကြီးချုပ်သည် ချင်းပြည် (Chinland) လွှတ်တော် နှင့် ချင်းပြည် (Chinland) အစိုးရအဖွဲ့အကြား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပဋိပက္ခများကို စိစစ်ဆုံးဖြတ်ပေးရမည်၊

(ဃ) ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်သည် ချင်းပြည် (Chinland) ၏ အမြင့်ဆုံးတရားရုံး ဖြစ်သည်။ ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၇)

## ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီ

၈၅။ ချင်းပြည် (Chinland) ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းသည် -

| | | |
|---|---|---|
| (က) | ချင်းပြည် (Chinland) ကောင်စီ ဥက္ကဋ္ဌ | - ဥက္ကဋ္ဌ |
| (ခ ) | ချင်းပြည်(Chinland) ကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) | - အဖွဲ့ဝင် |
| (ဂ ) | ချင်းပြည်(Chinland) ကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) | - အဖွဲ့ဝင် |
| (ဃ) | ဝန်ကြီးချုပ် | - အဖွဲ့ဝင် |
| (င ) | ချင်းပြည် (Chinland) လွှတ်တော်ဥက္ကဋ္ဌ | - အဖွဲ့ဝင် |
| (စ ) | နိုင်ငံခြားရေးဝန်ကြီး | - အဖွဲ့ဝင် |
| (ဆ) | ကာကွယ်ရေးဝန်ကြီး | - အဖွဲ့ဝင် |
| (ဇ ) | ပြည်ထဲရေးဝန်ကြီး | - အဖွဲ့ဝင် |
| (ဈ ) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး | - အဖွဲ့ဝင် |

၈၆။ ချင်းပြည်(Chinland) ကာကွယ်ရေးနှင့်လုံခြုံရေးကော်မတီသည် ချင်းပြည် (Chinland) ကာကွယ်ရေးနှင့် လုံးခြုံရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူ ဆောင်ရွက်ရမည်။

## ခန်း (၈)

## ဒေသန္တရအုပ်ချုပ်ရေး

၈၇။ ဒေသန္တရအစိုးရအဖွဲ့များကို မြို့နယ်နှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များကို အခြေခံ၍ ဖွဲ့စည်းသည်။

၈၈။ မြို့နယ်နှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များအောက်တွင် မြို့၊ တိုက်နယ်၊ အုပ်စု၊ ဧရိယာ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းသည်။

၈၉။ မြို့နယ်နှင့်ဒေသ အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့၊ တိုက်နယ်၊ အုပ်စု၊ ဧရိယာ အုပ်ချုပ်ရေး အဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ ရွေးကောက်ခြင်းနှင့် ခန့်အပ်ခြင်းကိစ္စရပ်များဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မြို့နယ်နှင့်ဒေသ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ရမည်။

၉၀။ ဒေသန္တရအစိုးရအဖွဲ့များသည် တော်လှန်ရေးကာလတွင် ဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်များကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်ရမည်။

၉၁။ ဒေသန္တရအစိုးရအဖွဲ့များသည် ချင်းပြည် (Chinland) အစိုးရအဖွဲ့မှတဆင့် ချင်းပြည် (Chinland) ကောင်စီကို တာဝန်ခံရမည်။

## အခန်း (၉)

## ရွေးကောက်တင်မြှောက်ခြင်း

၉၂။ ချင်းပြည် (Chinland) ကောင်စီ အကြီးအကဲများ၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ခန့်အပ်ရာတွင် ပုဒ်မ ၂၅ ပါ ချင်းပြည် (Chinland) ကောင်စီ အစုအဖွဲ့များထဲမှ သင့်တင့်မျှတစွာ ရွေးချယ် ခန့်အပ်နိုင်ရန်အတွက် ချင်းအမျိုးသားတပ်ဦးမှ ၅ ဦး၊ ချင်းလွှတ်တော်ကိုယ်စားလှယ်မှ ၉ ဦး၊ မြို့နယ်နှင့် ဒေသအဖွဲ့များမှ ၁၇ ဦး ပါဝင်သည့် ရွေးချယ်တင်မြှောက်ရေးကော်မတီက တာဝန်ယူ ဆောင်ရွက်ရမည်။

၉၃။ ရွေးချယ်တင်မြှောက်ရေးကော်မတီသည် ပုဒ်မ ၂၅ ပါ အစုအဖွဲ့အသီးသီးထံမှ အဆိုပြုချက် အမည်စာရင်းများကို တောင်းခံပြီး စာရင်းပြုစုရမည်။

၉၄။ ချင်းပြည် (Chinland) ကောင်စီ ဦးဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်းကို ရွေးချယ်တင်မြှောက်ရေးကော်မတီက ပုဒ်မ ၂၅ ပါအစုအဖွဲ့ ၃ ဖွဲ့၏ ထောက်ခံချက်ဖြင့် ညှိနှိုင်းရွေးချယ်၍ ညီလာခံ ကျင်းပရေးကော်မတီမှတဆင့် ချင်းပြည် (Chinland) ကောင်စီညီလာခံသို့ အဆိုပြုတင်သွင်းပြီး အတည်ပြုရမည်။

၉၅။ ချင်းပြည် (Chinland) ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ တရားသူကြီးချုပ်နှင့် တရားသူကြီးများ ရွေးချယ်တင်မြှောက်ခြင်းကို ရွေးချယ်တင်မြှောက်ရေးကော်မတီမှ ပုဒ်မ ၂၅ ပါ အစုအဖွဲ့သုံးဖွဲ့၏ ထောက်ခံချက်ဖြင့် ညှိနှိုင်းရွေးချယ်ပြီး ချင်းပြည် (Chinland) ကောင်စီသို့ အဆိုပြုတင်သွင်း၍ အတည်ပြုရမည်။

## အခန်း (၁၀)

## အထွေထွေ ပြဋ္ဌာန်းချက်များ

၉၆။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုသည့်နေ့မှစ၍ ချင်းပြည် (Chinland) ကောင်စီသည် ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (Interim Chin National Consultative Council - ICNCC) နှင့် ၎င်း၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းရယူသည်ဟု မှတ်ယူရမည်။

၉၇။ ချင်းပြည် (Chinland) ကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ချင်းပြည် (Chinland) လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ချင်းပြည် (Chinland) အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ချင်းပြည် (Chinland) တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ စာရင်းစစ်ချုပ်တို့သည် ချင်းပြည်(Chinland) အစိုးရအဖွဲ့ ရုံးစိုက်ရာနေရာတွင် ရုံးထိုင်နိုင်သူများ ဖြစ်ရမည်။

၉၈။ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်လိုပါက ချင်းပြည် (Chinland) ကောင်စီတွင် အဆိုတင်သွင်းပြီး ကောင်စီဝင်များ၏ ၆၅ ရာခိုင်နှုန်း သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၉၉။ ပထမအကြိမ် ချင်းပြည် (Chinland) ကောင်စီ ညီလာခံတက်ရောက်မည့် ဦးရေကို ချင်းပြည် (Chinland) ကောင်စီ ညီလာခံဖြစ်မြောက်ရေးကော်မတီက သက်မှတ်ပေးရမည်။

၁၀၀။ ပထမအကြိမ် ချင်းပြည် (Chinland) ကောင်စီညီလာခံကို ချင်းပြည် (Chinland) ကောင်စီညီလာခံ ဖြစ်မြောက်ရေးကော်မတီက ခေါ်ယူရမည်။ ချင်းပြည် (Chinland) ကောင်စီ ဖွဲ့စည်းပြီးပါက ချင်းပြည် (Chinland) ကောင်စီညီလာခံကို ချင်းပြည် (Chinland) ကောင်စီ ဦးဆောင်အဖွဲ့က ခေါ်ယူရမည်။

၁၀၁။ ချင်းပြည် (Chinland) အစိုးရအဖွဲ့ ရုံးစိုက်ရာနေရာသည် ချင်းလုံ (Chinlung) မြို့ ဖြစ်သည်။

၁၀၂။ ချင်းပြည် (Chinland) အစိုးရအဖွဲ့ ရုံးသုံးဘာသာစကားသည် ချင်းဘာသာစကား များ၊ မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား ဖြစ်သည်။

၁၀၃။ တော်လှန်ရေးကာလအတွင်း ချင်းပြည် (Chinland) အလံသည် အောက်ဖော်ပြပါ အတိုင်း ဖြစ်သည်။



၁၀၄။ ချင်းပြည် (Chinland) အစိုးရတံဆိပ်သည် အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။




၁၀၅။ ချင်းပြည် (Chinland) အစိုးရအဖွဲ့သက်တမ်းကို တော်လှန်ရေးကာလနှင့် အသွင် ကူးပြောင်းရေးကာလဟူ၍ ၂ ပိုင်း ခွဲခြားသတ်မှတ်ပြီး တော်လှန်ရေးကာလ ပြီးဆုံး ပါက ချင်းပြည် (Chinland) တော်လှန်ရေးကာလ အစိုးရအဖွဲ့ကို အသွင်ကူးပြောင်းရေး ကာလ ချင်းပြည် (Chinland) အစိုးရအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းရမည်။ အသွင်

ကူးပြောင်းရေးကာလ ချင်းပြည် (Chinland) အစိုးရအဖွဲ့ ဖွဲ့စည်းပြီးသည့်နေ့မှစ၍ တော်လှန်ရေးကာလ ချင်းပြည် (Chinland) အစိုးရအဖွဲ့အား ဖျက်သိမ်းပြီးဖြစ်သည် ဟု မှတ်ယူရမည်။

၁၀၆။ ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် တော်လှန်ရေးကာလ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်သည်။

နောက်ဆက်တွဲ (၁)

## ချင်းပြည် (Chinland) ကောင်စီ၏ ရည်မှန်းချက်ပန်းတိုင်၊ မဟာဗျူဟာနှင့် နည်းဗျူဟာများ

### ရည်မှန်းချက်ပန်းတိုင်

(၁) အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်ရှိသော ချင်းပြည် (Chinland) တည်ဆောက်ရန်။

(၂) နိုင်ငံရေးနှင့် အမျိုးသားတန်းတူရေး အာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်။

(၃) ဒီမိုကရေစီစနစ် တည်ဆောက်ရန်။

### မဟာဗျူဟာ

ချင်းပြည် (Chinland) ကောင်စီ၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် စစ်ရေးနှင့် နိုင်ငံရေးကို ဟန်ချက်ညီညီ ဖော်ဆောင်ရန်။

### နည်းဗျူဟာ

(၁) အမျိုးသားတည်ဆောက်ရေးနှင့် ပြည်ထောင်တည်ဆောက်ရေးမှတဆင့် ချင်းအမျိုးသား စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ရန်။

(၂) ချင်းအမျိုးသားနှင့် ချင်းပြည် (Chinland) ပြည်သူလူထု၏ ရေးရာကိစ္စအဝဝကို စီမံဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော နိုင်ငံရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူထောင်ရန်။

(၃) ချင်းလူမျိုးအားလုံး ပါဝင်သော ပြည်သူ့တော်လှန်ရေးကို ဖော်ဆောင်ရန်။

(၄) အရည်အချင်းပြည့်မီပြီး အင်အားတောင့်တင်းသော အမျိုးသားတပ်မတော် တည်ဆောက်ရန်။

(၅) ချင်းအမျိုးသားလှုပ်ရှားမှုကို အရှိန်အဟုန်မြှင့် လုပ်ဆောင်နိုင်ရေးအတွက် အရင်းအမြစ်အင်အား တည်ဆောက်ရန်။

(၆) နိုင်ငံရေးနှင့်စစ်ရေးတွင် ဘဝတူ ညီနောင်တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ နွေဦးတော်လှန်ရေးတွင် ပါဝင်သော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် လက်တွဲ လုပ်ဆောင်ရန်။

(၇) ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် ရည်မှန်းချက်တူညီသော အစိုးရများ၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် လက်တွဲ ဆောင်ရွက်ရန်။

(၈) ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ နိုင်ငံရေး၊ စစ်ရေး၊ ရန်ပုံငွေ၊ နည်းပညာနှင့် အခြားလိုအပ်သော အကူအညီများ ရရှိရေး ဆောင်ရွက်ရန်။

နောက်ဆက်တွဲ (၂)

## ကတိသစ္စာပြုချက် သို့မဟုတ် ကျမ်းသစ္စာဆိုချက်

ကျွန်ုပ်________ သည် ချင်းပြည် (Chinland)၊ ချင်းအမျိုးသားများနှင့် ချင်းပြည်သူများ အပေါ် သစ္စာ ရှိပါမည်။ ကျွန်ုပ်သည် အာဏာရှင်စနစ် မှန်သမျှ အမြစ်ပြတ်ချုပ်ငြိမ်းရေး၊ ချင်းအမျိုးသားတည်ဆောက်ရေးနှင့် ချင်းပြည် (Chinland) တည်ဆောက်ရေးတို့တွင် သစ္စာရှိရှိ ပါဝင်ပါမည်။ ကျွန်ုပ်သည် ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းရွက်ပါမည်ဟု ကတိသစ္စာ ပြုပါသည်။